# အသားတိုးနွားမွေးမြူရေးခြံများအတွက်
# ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်

## ၁။ မွေးမြူရေးခြံ

### ၁.၁ တည်နေရာ

၁.၁.၁ မွေးမြူရေးခြံအဖြစ် ဆောက်လုပ်ရန် တရားဝင်ခွင့်ပြုထားသည့် မြေဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရမည်။

၁.၁.၂ လျှပ်စစ်ဓာတ်အား ရရှိပြီး၊ ရေအရင်းအမြစ်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသည့်နေ့ရာတွင်ရှိရမည်။

၁.၁.၃ လူနေအိမ်၊ သားသတ်ရုံ၊ တိရစ္ဆာန်အရှင် ဈေးကွက်တို့နှင့် ဝေးကွာသည့်နေရာ ဖြစ်ရမည်။

၁.၁.၄ ရုပ်ဝတ္ထုပစ္စည်း၊ ဓာတုပစ္စည်း၊ အဏုဇီဝပစ္စည်း ဘေးအန္တရာယ်တို့မှ ကင်းဝေးပြီး လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို မထိခိုက်စေနိုင်သော မြေနေရာဖြစ်ကြောင်း သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်လက်မှတ်များ ရယူစုဆောင်း ထားရမည်။

## ၂။ မွေးမြူရေးခြံအဆောက်အဦနှင့် ခြံအထောက်အပံ့ပစ္စည်းများ

### ၂.၁ မွေးမြူရေးခြံအဆောက်အဦ

၂.၁.၁ သက်ဆိုင်ရာဌာန/လုပ်ငန်းမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း ပြုလုပ်ရမည်။

၂.၁.၂ မွေးမြူထုတ်လုပ်မည့် ကောင်ရေ/ အမျိုးအစား/ အသက်အရွယ်အလိုက် သင့်လျော်သည့်ပုံစံ တည်ဆောက်ရမည်။ လေဝင်လေထွက် ကောင်းမွန်ရမည်။ သန့်ရှင်းရေးလုပ်ငန်းများ၊ ပြုပြင်

ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပိုးမွှားသန့်စင်ခြင်းလုပ်ငန်းများ စသည်တို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရမည်။

၂.၁.၃ တိရစ္ဆာန်ကို ဒဏ်ရာမရရှိစေရ၊ တိရစ္ဆာန်သက်သာချောင်ချိရေးကို ထိခိုက်စေခြင်းမဖြစ်စေရ။ ခြံတွင်းစီမံခန့်ခွဲမှုကောင်းစွာပြုလုပ်နိုင်ရမည်။ ဇီဝလုံခြုံမှု ကောင်းရမည်။

၂.၁.၄ မွေးမြူရေးခြံအဆောက်အဦတွင် ကောင်းမွန်သော ရေဆိုးစွန့်ပစ်စနစ် ပါရှိရမည်။

၂.၁.၅ တိရစ္ဆာန်ကောင်ရေ၊ အသက်အရွယ်နှင့်ခန္ဓာကိုယ်အရွယ်အစားပေါ်မူတည်၍ လုံလောက်သော နေရာအကျယ်အဝန်းရှိရမည်။ အစာခွက်၊ ရေခွက်များ လုံလောက်စွာပါရှိရမည်။

၂.၁.၆ တိရစ္ဆာန်လှောင်ခြံနှင့် လျှောက်လမ်းများသည် တိရစ္ဆာန်လွတ်ထွက်မှုမရှိစေရန်နှင့် တိရစ္ဆာန်နှင့်အလုပ်သမားများကို အန္တရာယ်မဖြစ်စေနိုင်သည့်ပုံစံဖြင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်ထားရမည်။

၂.၁.၇ လျှောက်လမ်းများနှင့် တိရစ္ဆာန်အဆင်းအတက် နေရာများသည် လုံလောက်သော အကာတန်းများ ပါရှိရမည်။ နွားများလမ်းလျှောက်ရာတွင် အန္တရာယ်ဖြစ်စေသော၊ ပုံသဏ္ဌာန်မမှန်လမ်းလျှောက်မှုဖြစ်စေသော ပစ္စည်းများ တပ်ဆင်အသုံးမပြုရ။

၂.၁.၈ လျှပ်စစ်ပစ္စည်းကိရိယာများ၊ ဝါယာကြိုးများကို အန္တရာယ်ကင်းသော နေရာတွင် တပ်ဆင်အသုံးပြုရမည်။

၂.၁.၉ မွေးမြူရေးခြံရှိတိရစ္ဆာန်များအတွက် လိုအပ်သော စစ်ဆေးကုသမှုများဆောင်ရွက်ရန် တိရစ္ဆာန်ထိန်းချုပ်ရန် နေရာ တည်ဆောက်ပါရှိရမည်။

၂.၁.၁၀ နွားခြံပတ်ဝန်းကျင်အား အချိန်မှန် သန့်ရှင်းရေး ပြုလုပ်ပေးရမည်။

၂.၁.၁၁ အသစ်ဝင်ရောက်လာသည့် တိရစ္ဆာန်များနှင့် ခြံမှထုတ်မည့် တိရစ္ဆာန်များအတွက် ယာယီသီးခြားစောင့်ကြည့်ဆောင် တည်ဆောက်ပါရှိရမည်။

၂.၁.၁၂ နွားခြံတည်ဆောက်ရာတွင် အရှေ့/အနောက်လားရာအတိုင်း တည်ဆောက်ပြီး ခြံအဆောက်အဦ တစ်ခုနှင့် တစ်ခုကြား (၅၀)ပေ အကွာအဝေးရှိရမည်။

## ၂.၂ ခြံအထောက်အပံ့ပစ္စည်းများ

### ခြံဝန်းနှင့်ခြံစည်းရိုး

၂.၂.၁ မွေးမြူရေးခြံဝန်းတွင် သင့်လျော်သော တိရစ္ဆာန်ထိန်းချုပ်ရန် နေရာပါရှိရမည်။ သားတင်သားစပ်ဆောင်၊ သားမွေးဆောင်များ သီးသန့်ခွဲခြား ပါရှိရမည်။

၂.၂.၂ ခြံစည်းရိုးနှင့် အဝင်အထွက်ဂိတ်များသည် ပြင်ပတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်၊ အတွင်းမှနွားများ အပြင် မထွက်နိုင်စေရန် ကာကွယ်ပေးသည့်ပုံစံ ဖြစ်ရမည်။

### စားကျက်ဧရိယာ

၂.၂.၃ စားကျက်တွင်လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူပါက နွားအားလုံးအတွက် လုံလောက်သော စားကျက်ဧရိယာ ရှိရမည်။

### အစာသိုလှောင်ရုံ

၂.၂.၄ မွေးမြူရေးခြံတွင် အစာကြမ်း၊ အစာနု သီးသန့် သိုလှောင်ရုံများ ပါရှိရမည်။

၂.၂.၅ အစာသိုလှောင်ရုံသည် လေဝင်လေထွက် ကောင်းမွန်ရမည်။ အစာများ စိုထိုင်းမှုမဖြစ်စေရန်နှင့် ပိုးမွှား၊ တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရန် ကာကွယ်နိုင်မှုရှိရမည်။

၂.၂.၆ အစာသိုလှောင်ရုံမှ အစာများကို အရင်ရောက် အရင်ထုတ် ကျွေးစနစ် ကျင့်သုံးနိုင်ရန်တည်ဆောက်ထားရမည်။

## ၃။ မွေးမြူရေးခြံစီမံခန့်ခွဲမှု

### ၃.၁ မွေးမြူရေးခြံပိုင်ရှင်၊ ခြံတာဝန်ခံသည်-

၃.၁.၁ မွေးမြူရေးခြံ အလုပ်သမားများအား တိရစ္ဆာန်များ ကိုင်တွယ်ထိန်းချုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်း စသည့် ခြံတွင်းလုပ်ကိုင်ဆောင်ရွက်မှု အလေ့အကျင့်ကောင်းများအား ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးထားရမည်။

၃.၁.၂ အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည်များ ထောက်ပံ့ပေးထားရမည်။

၃.၁.၃ မွေးမြူရေးခြံတွင်းနေထိုင်သည့် အလုပ်သမားအတွက် အလုပ်သမားအဆောင် သီးခြားတည်ဆောက် ထားရှိပေးရမည်။

၃.၁.၄ အလုပ်သမားများကို နှစ်စဉ် ကျန်းမာရေးစစ်ဆေးပေးရမည်။ အလုပ် သမားများ ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးရမည်။ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ ရရှိလျှင် လုပ်ဆောင်ရမည့်ညွှန်ကြားချက်များ ချမှတ်ပေးထားရမည်။

၃.၁.၅ မွေးမြူရေးခြံရှိတိရစ္ဆာန်များ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူဖြစ်ပြီး၊ လိုအပ်သည်များ ဖြည့်ဆည်းထောက်ပံ့ ပေးထားရမည်။

## ၃.၂ မွေးမြူရေးခြံလုပ်သားသည်

၃.၂.၁ တိရစ္ဆာန်အား နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ရ။

၃.၂.၂ တိရစ္ဆာန်ကို ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်းတို့တွင် တိရစ္ဆာန် ကို နာကျင်ခံစားမှု မဖြစ်စေရ။

၃.၂.၃ တိရစ္ဆာန်မကျန်းမာလျှင် ကိုယ်တိုင်ဆေးကုသခြင်း မပြုလုပ်ရ။ တိရစ္ဆာန် ဆေးကုဆရာဝန်နှင့် ပြသဆောင်ရွက်ရမည်။

၃.၂.၄ တိရစ္ဆာန်အမျိုးအစား၊ အသက်အရွယ်၊ အထီးအမ သဘာဝနှင့် ထုတ်လုပ်မှုအလိုက် သတ်မှတ်ထားသော အစာကျွေးနည်း အတိုင်း ကျွေးမွေး ရမည်။

၃.၂.၅ လုပ်သားများသည် သက်ဆိုင်ရာ ဌာနများမှ သတ်မှတ် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြား ချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

## ၃.၃ သားတင်သားစပ်ခြင်းနှင့်သားခွဲခြင်း

၃.၃.၁ ပုံသဏ္ဌာန်မမှန်သော မျိုးရိုးဗီဇဆက်ခံမှု မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။ ခန္ဓာကိုယ်အလေးချိန်ပြည့်မီသည့် ကျန်းမာ ရေးကောင်းမွန်သော အရွယ်ရောက် နွားမများကိုသာ သား တင်သားစပ်ပြုလုပ်ရမည်။

၃.၃.၂ သဘာဝသားစပ်ခြင်း အသုံးပြု မွေးမြူပါက အထီးနှင့်အမ အချိုးမျှတစွာ မွေးမြူထားရှိရမည်။

၃.၃.၃ လေ့ကျင့်သင်ကြားပေးထားသော သားစပ်သူအကူအညီဖြင့် မေထုန်မှဲ့ သားစပ်ခြင်း ဆောင်ရွက်ရမည်။

၃.၃.၄ သတ်မှတ်ထားသော အသက်အရွယ်နှင့် ခန္ဓာကိုယ်အလေးချိန် ရောက်မှသာ သားခွဲခြင်း ပြုလုပ်ရမည်။

၃.၃.၅ သားခွဲနွားငယ်လေးများအတွက် နေရာထိုင်ခင်း၊ အစာခွက်၊ ရေခွက်တို့ဖြင့် သင့်လျော်သော အစာနှင့်ရေ ထောက်ပံ့ပေးထားရမည်။

၃.၃.၆ နွားတစ်ကောင်ချင်းစီအတွက် သားတင်သားစပ်နှင့် သားကျမှတ်တမ်းများ၊ နို့ပေးရက် မှတ်တမ်းများ ပြုစုထားရှိပြီး စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ရမည်။

## ၃.၄ တိရစ္ဆာန်အရင်းအမြစ်မှတ်တမ်းပြုစုခြင်း

၃.၄.၁ တိရစ္ဆာန်အရင်းအမြစ် မှတ်တမ်းပြုစုခြင်းကို နားကပ်တပ်ဆင်ခြင်းဖြင့်လည်းကောင်း၊ နားရွက်တွင် အမှတ်အသားပြုလုပ်ခြင်းဖြင့်လည်း ကောင်း ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အချက်အလက်များ တင်ပြ၍ မှတ်ပုံတင်ထားရှိရမည်။

၃.၄.၂ တိရစ္ဆာန်အရင်းအမြစ်မှတ်တမ်းများကို သတ်မှတ်ထားသော ကာလ အပိုင်းအခြားထိ ထိန်းသိမ်းထားရှိရမည်။

## ၃.၅ အစာကျွေးမွေးမှု

၃.၅.၁ တိရစ္ဆာန်၏အသက်ရှင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ထုတ်လုပ်မှုအတွက်လည်းကောင်း လုံလောက်သော အစာအာဟာရ ထောက်ပံ့ ပေးရမည်။

၃.၅.၂ သန့်ရှင်းပြီး ဘေးအန္တရာယ်မရှိသော သောက်သုံးရေကို လုံလောက်စွာ ထောက်ပံ့ပေးရမည်။

၃.၅.၃ မွေးမြူထားသည့် အသက်အရွယ်နှင့် ခန္ဓာကိုယ်အလေးချိန် အလိုက် လတ်ဆတ်ကောင်းမွန်သော အစာနု၊ အစာကြမ်း၊ ရောစပ်စာများ ကျွေးမွေးရမည်။

၃.၅.၄ မိမိကိုယ်ပိုင်ရောစပ်စာကျွေးမွေးမည်ဆိုပါက သက်ဆိုင်ရာ ဌာနမှ စစ်ဆေးခွင့်ပြုထားသော အစာများကိုသာဝယ်ယူ၍ ရောစပ်အသုံးပြုရမည်။

၃.၅.၅ သက်ဆိုင်ရာဌာနမှ တားမြစ်ထားသော ဓာတုပစ္စည်းများ၊ အားဖြည့် ဆေးဝါးများ ရောစပ်ကျွေးမွေးခြင်းမပြုရ။

၃.၅.၆ အစာရောစပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများကို သန့်ရှင်း စွာ ထားရှိရမည်။

၃.၅.၇ ရောစပ်စာဝယ်ယူကျွေးမွေးပါက အစာအမျိုးအစား၊ အစာအရည် အသွေး၊ ရောစပ်စာတွင်ပါဝင်ပစ္စည်းများ၊ ဝယ်ယူရရှိသည့် ကုမ္ပဏီ၊ ဝယ်ယူသည့်ပမာဏ၊ ဝယ်ယူရရှိသည့်ရက်စွဲ၊ ထုတ် လုပ်သည့်ရက်စွဲ၊ ထုတ်လုပ်သည့်အပါတ်စဉ် ပါရှိရမည်ဖြစ်ပြီး ၎င်းတို့အား ထိန်းသိမ်းထားရှိရမည်။

၃.၅.၈ မွေးမြူရေးခြံလုပ်ကိုင်သူသည် နေ့စဉ် အစာကျွေးချိန်ဇယား ရေးဆွဲ၍ အချိန်မှန် အစာကျွေးမွေးရမည်။

## ၃.၆ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှု

၃.၆.၁ မွေးမြူရေးခြံလုပ်ကိုင်သူသည် တိရစ္ဆာန်ကို ပုံမှန်ကာကွယ် ဆေး ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားပါက ဆေးကုသပေးခြင်း စသည့် တိရစ္ဆာန်ကျန်းမာရေးစီမံခန့်ခွဲမှု အလေ့အကျင့် ကောင်းများကို လိုက်နာ၍ တိရစ္ဆာန်များကို အစဉ်ကျန်းမာ နေစေရန် စောင့်ရှောက်ရမည်။

၃.၆.၂ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသည် လိုင်စင်ရ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ရမည်။ လိုင်စင်ရ တိရစ္ဆာန်ဆေးကုဆရာဝန်သည် ဦးစီးဌာန၏ ညွှန်ကြားမှုအောက်တွင် ရှိရမည်။

၃.၆.၃ ဦးစီးဌာနမှ ခွင့်ပြုထားသည့် ကာကွယ်ဆေးထိုး အစီအစဉ်နှင့် ကာကွယ် ဆေးများကိုသာ အသုံးပြုရမည်။

၃.၆.၄ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ဦးစီးဌာန၏ ကြီးကြပ်မှု၊ ညွှန်ကြားမှုဖြင့်သာ အသုံးပြုရမည်။

၃.၆.၅ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ ကာကွယ်ဆေးများကို သတ်မှတ် ထားသည့်အတိုင်း စနစ်တကျ သိုလှောင်၊ သုံးစွဲ၊ စွန့်ပစ်ရမည်။

## ၄။ တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်း

### ၄.၁ တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း

၄.၁.၁ တိရစ္ဆာန်ကို ကြောက်ရွံ့စေခြင်း၊ စိတ်ဖိစီးစေခြင်း၊ နာကျင်စေခြင်း၊ ဒဏ်ရာရစေခြင်းမရှိစေရန် ကိုင်တွယ်ခြင်းနှင့်ထိန်းချုပ်ခြင်းတို့အတွက် မှန်ကန်သောနည်းစနစ်နှင့် သင့်လျော်ကောင်းမွန်သည့် ကိရိယာတန်ဆာပလာများကို အသုံးပြုရမည်။ ဒဏ်ရာ ရရှိမှု မဖြစ်စေရ။

၄.၁.၂ တိရစ္ဆာန်ကိုင်တွယ်ထိန်းချုပ်ရာတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများကို နည်းလမ်းတကျဖြင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်ရမည်။

၄.၁.၃ ကိရိယာတန်ဆာပလာများကိုအသုံးပြု၍ ကိုင်တွယ်ထိန်းချုပ်ရာတွင် တိရစ္ဆာန်အား စိတ်ဖိစီးမှုနည်းနိုင်သမျှ နည်းစေရမည်။

၄.၁.၄ နာမကျန်းဖြစ်နေသော တိရစ္ဆာန်များ၊ ဒဏ်ရာရရှိနေသော တိရစ္ဆာန်များ၊ မသန်မစွမ်းတိရစ္ဆာန်များကို သီးသန့်ခွဲခြားထားရမည်။ လိုအပ်သော ဆေးဝါးကုသမှုပေးရမည်။

## ၄.၂ တိရစ္ဆာန်များကိုသယ်ဆောင်ခြင်း

၄.၂.၁ တိရစ္ဆာန်များကို သယ်ဆောင်ရာတွင် စိတ်ဖိစီးမှုမဖြစ်စေရ၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ရောဂါကျရောက်မှု မဖြစ်စေရ။

၄.၂.၂ တိရစ္ဆာန်များကို ကျန်းမာနေစဉ်သာလျှင် သယ်ဆောင်ရမည်။ မကျန်းမာသောတိရစ္ဆာန်များနှင့် ဗိုက်ရှိသောနွားမများကို သယ်ဆောင်ရန်လိုအပ်ပါ အထူးဂရုစိုက်ပေးမှုများဖြင့်သာ သယ်ဆောင်ရမည်။

၄.၂.၃ တိရစ္ဆာန် သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်သည် တိရစ္ဆာန် အတင်အချပြုလုပ်ရာတွင်လွယ်ကူခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်း၊ ဆေးသေတ္တာပါရှိခြင်း၊ သယ်ယူမှုဆောင်ရွက်စဉ် တိရစ္ဆာန်နှင့်လူကို ဘေးအန္တရာယ်ကင်းဝေးစေခြင်း၊ သန့်ရှင်းနေစေခြင်း၊ အခင်းပါရှိခြင်း စသည့် အချက်များဖြင့် ပြည့်စုံပြီး ဌာနမှသတ်မှတ်ထားသည့်ယာဉ် ဖြစ်ရမည်။

၄.၂.၄ တိရစ္ဆာန်ကိုသယ်ဆောင်ရာတွင် ကြပ်သိပ်စွာ မသယ်ဆောင်ရ။ နေရာအကျယ်အဝန်း လုံလောက်ရမည်။ လေဝင်လေထွက် ကောင်းမွန်ရမည်။

၄.၂.၅ တိရစ္ဆာန်အမျိုးအစား၊ အသက်၊ အရွယ်အစားအလိုက် ခွဲခြားသယ် ဆောင်ရမည်။

၄.၂.၆ တိရစ္ဆာန်သယ်ဆောင်ခြင်းအတွက် မလိုလားအပ်သော နှောင်နှေးကြန့်ကြာမှုမဖြစ်စေရန် အကောင်းမွန်ဆုံး လမ်းကြောင်းနှင့် အနီးဆုံးလမ်းကြောင်းကို ရွေးချယ်အသုံးပြုရမည်။

၄.၂.၇ တိရစ္ဆာန်များကို သယ်ဆောင်ရာတွင် အပူဒဏ်မှ ကင်းလွတ်အောင် အေးသောအချိန်တွင် သယ်ဆောင်ရမည်။

၄.၂.၈ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်ဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ရယူ၍ မိမိသယ်ဆောင်မည့် ခရီးစဉ်တလျှောက် ကိုင်ဆောင်ပါရှိရမည်။

## ၅။ ဇီဝလုံခြုံမှု

၅.၁ မွေးမြူရေးခြံသည် ဇီဝလုံခြုံမှုအစီအမံများ၊ အရေးပေါ် စီမံခန့်ခွဲမှု အစီအမံများ ချမှတ်ထားရှိရမည်။

၅.၂ ခြံအတွင်းသို့ ရောဂါဝင်ရောက်ခြင်းနှင့် ရောဂါကူးစက်ပျံ့နှံ့ခြင်း မဖြစ်စေရန် ဇီဝလုံခြုံမှုလုပ်ငန်းစဉ်များ လုပ်ဆောင်၍ စဉ်ဆက်မပြတ်စောင့်ကြည့်မှုများ ဆောင်ရွက်နေရမည်။

၅.၃ ဇီဝလုံခြုံမှုဆောင်ရွက်ရာတွင် ဦးစီးဌာနမှ သတ်မှတ်ထားသည့် စာရင်းဝင် ကူးစက်ရောဂါများကို အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

၅.၄ မွေးမြူရေးခြံသည် ဇီဝလုံခြုံမှုအတွက် စနစ်ကျသည့် ခြံအနေအထားဖြစ်ရ မည်။ အဝင်အထွက်ဂိတ်များတွင် ပိုးသတ်ကန်ပါရှိရမည်။

၅.၅ မွေးမြူရေးခြံအတွင်း လေ့လွင့်တိရစ္ဆာန်များ ဝင်ရောက်နိုင်ခြင်းမရှိစေရ။

၅.၆ ပြည်ပမှတင်သွင်းလာသောတိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအတွက် လိုအပ်သော အထောက်အထား၊ ထောက်ခံချက်လက်မှတ်များ ရယူဆောင်ရွက် ရမည်။

၅.၇ အသစ်ဝင်ရောက်လာသည့် တိရစ္ဆာန်များနှင့် ခြံမှတ်ထုတ်မည့် တိရစ္ဆာန်များအတွက် စောင့်ကြည့်စစ်ဆေးခြင်းကို ဦးစီးဌာနမှ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရမည်။

## ၆။ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု

၆.၁ မွေးမြူရေးခြံဝင်းသည် သန့်ရှင်းနေရမည်။ ပိုးမွှားတိရစ္ဆာန်များ၊ ကပ်ပါးကောင်များ ပေါက်ပွားရာ၊ ရောဂါကူးစက်ပျံ့ပွားရာနေရာ မဖြစ်စေရ။

၆.၂ တိရစ္ဆာန်ကို ထိတွေ့ညစ်ပေစေနိုင်သော ပစ္စည်းများကို ပုံမှန် သန့်ရှင်းပေးရမည်။ အခင်းများကို ပုံမှန် အသစ်လဲပေးရမည်။

၆.၃ မွေးမြူရေးခြံရှိ အညစ်အကြေးစွန့်ပစ်ခြင်းအတွက် သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆.၄ မွေးမြူရေးခြံသည် မကျန်းမာသော တိရစ္ဆာန်များ၊ ဒဏ်ရာရသော တိရစ္ဆာန်များ၊ သေဆုံးသောတိရစ္ဆာန်များအတွက် စနစ်တကျ ကိုင်တွယ်ခြင်းနှင့်ဖျက်ဆီးခြင်းစနစ်ပါရှိရမည်။ သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆.၅ မွေးမြူရေးခြံလုပ်ကိုင်သူသည် ခြံအညစ်အကြေး၊ ခြံသုံးဓာတုဗေဒ ပစ္စည်းအညစ်အကြေးစွန့်ပစ်မှုအပေါ် တိကျရှင်းလင်းသည့် လုပ်ငန်းစဉ်ချမှတ်၍ လိုက်နာဆောင်ရွက်ရမည်။

## ၇။ မှတ်တမ်းများထိန်းသိမ်းခြင်း

အောက်ဖော်ပြပါမှတ်တမ်းများ ထားရှိရမည်-

၇.၁ တိရစ္ဆာန်၏ တစ်ကောင်ချင်းအလိုက် သက်ဆိုင်ရာကိုယ်ရေး မှတ်တမ်း များ၊

၇.၂ တိရစ္ဆာန်အဝင်အထွက်၊ လူအဝင်အထွက်၊ ယာဉ်အဝင်အထွက် မှတ်တမ်းများ၊

၇.၃ တိရစ္ဆာန်အားကျွေးမွေးသည့် အစာအမျိုးအစား၊ ပမာဏနှင့် ဝယ်ယူမှု မှတ်တမ်းများ၊

၇.၄ မွေးမြူရေးခြံစီမံခန့်ခွဲမှုမှတ်တမ်းများ၊

၇.၅ ကျန်းမာရေးစီမံခန့်ခွဲမှုမှတ်တမ်းများ၊

၇.၆ ကာကွယ်ဆေး၊ ကုသဆေးများဝယ်ယူမှုတွင် ဝယ်ယူသည့်ရက်စွဲ၊ ဝယ်ယူသည့်အမျိုးအစား၊ ပမာဏ၊ ထုတ်လုပ်သည့်အပါတ်စဉ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်၊ ရောင်းချသည့်ကုမ္ပဏီ စသည့် ဆေးမှတ်တမ်းများ၊

၇.၇ ဆေးအမျိုးအစား၊ ဆေးကုသည့်ပမာဏ၊ ဆေးကုသသည့်ရက်စွဲ၊ ဆေးပေးသည့်လမ်းကြောင်း၊ ဆေးကုသမှုပြီးဆုံးသည့်ရက်စွဲ၊ ဈေးကွက်မပို့မီ ဆေးဖြတ်သည့်ရက်စွဲ၊ ဆေးကုသပေးသူအမည် စသည့် ဆေးကုသမှုမှတ်တမ်းများ။

## ၈။ အထွေထွေ

၈.၁ မှတ်တမ်းများကို အနည်းဆုံး (၃) နှစ်ထိန်းသိမ်းထားရမည်။

၈.၂ ဦးစီးဌာနမှ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

၈.၃ ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

# နို့စားနွားမွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်

## ၁။ မွေးမြူရေးခြံ

### ၁.၁ တည်နေရာ

၁.၁.၁ မွေးမြူရေးခြံတည်ဆောက်ရန် တရားဝင်ခွင့်ပြုထားသည့်မြေဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရမည်။

၁.၁.၂ နို့စားနွားမွေးမြူထုတ်လုပ်ရန် သင့်လျော်သည့်နေရာ၊ လျှပ်စစ်ဓာတ်အား၊ ရေအရင်းအမြစ်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် နေရာဖြစ်ရမည်။

၁.၁.၃ နို့ကောက်စခန်းသို့ (၂)နာရီအတွင်း ရောက်ရှိနိုင်သည့်နေရာ ဖြစ်ရမည်။

၁.၁.၄ လူနေအိမ်၊ သားသတ်ရုံ၊ တိရစ္ဆာန်အရှင် ဈေးကွက်တို့နှင့် အနည်းဆုံး (၃)မိုင် ဝေးကွာသည့်နေရာ ဖြစ်ရမည်။

၁.၁.၅ နို့စားနွားနှင့် နွားနို့ကို ညစ်ညမ်းမှုဖြစ်စေနိုင်သော ရုပ်ဝတ္ထုပစ္စည်း၊ ဓာတုပစ္စည်း၊ အဏုဇီဝပစ္စည်း ဘေးအန္တရာယ်များ နည်းပါးသည့် နေရာဖြစ်ရမည်။

### ၁.၂ မွေးမြူရေးခြံအပြင်အဆင်

၁.၂.၁ နို့စားနွားမွေးမြူရေးခြံ စီမံခန့်ခွဲမှုလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်စေရန် လုံလောက်သော အကျယ်အဝန်းရှိသည့် ခြံအပြင်အဆင်ဖြစ်ရမည်။

၁.၂.၂ ပြင်ပမှ လူနှင့်တိရစ္ဆာန်များ လွယ်ကူစွာမဝင်ရောက်နိုင်စေရန် ခြံစည်းရိုး ပါရှိရမည်။

၁.၂.၃ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူပါက လုံလောက်သည့် စားကျက်ဧရိယာပါရှိရမည်။

၁.၂.၄ ခြံစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် လုံလောက်သည့် အလင်းပေးစနစ် ပါရှိရမည်။

၁.၂.၅ နို့စားနွားမွေးမြူထုတ်လုပ်ခြင်းအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ လုံလောက်စွာရှိရမည်။ ပစ္စည်းများသည် ကောင်းမွန်သည့် အခြေအနေတွင် ရှိရမည်။

၁.၂.၆ အသစ်ရောက်ရှိလာသောနွားများ၊ နေမကောင်းသော နွားများအတွက် သီးသန့်ထားရှိသည့် ဧရိယာတည်ဆောက်ပါရှိရမည်။

## ၁.၃ အဆောက်အဦ

၁.၃.၁ မွေးမြူရေးခြံအဆောက်အဦအား ကြာရှည်အသုံးခံသည့်ပစ္စည်းများဖြင့် တည်ဆောက်ရမည်။ သန့်ရှင်းရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လွယ်ကူစွာလုပ်ဆောင်နိုင်ရမည်။

၁.၃.၂ လေဝင်လေထွက် ကောင်းမွန်ရမည်။ ပူပြင်းသောနေရောင်ခြည်ဒဏ်နှင့် မိုးဒဏ်တို့မှ ကာကွယ်နိုင်ရမည်။

၁.၃.၃ မွေးမြူထားရှိသည့် နွားအမျိုးအစား၊ အရွယ်အစားနှင့် အသက်အရွယ်အလိုက် လုံလောက်သော အကျယ်အဝန်းပါရှိသည့် အဆောက်အဦဖြစ်ရမည်။

၁.၃.၄ နွားများကို ချော်လဲမှုမဖြစ်စေဘဲ အညစ်အကြေးများ ကောင်းစွာ စီးဆင်းသော ကြမ်းခင်းဖြစ်ရမည်။

## ၂။ အစာနှင့်အစာစီမံခန့်ခွဲမှု

### ၂.၁ အစာ

၂.၁.၁ နို့စားနွားအစာသည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များတွင် ဖော်ပြပါရှိသည့် စံချိန်စံညွှန်းသတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။

၂.၁.၂ နို့စားနွားများ၏ အသက်၊ ခန္ဓာကိုယ်အလေးချိန်၊ နို့ရရှိမှု၊ ကြီးထွားမှု၊ ကိုယ်ဝန်ဆောင်ကာလတို့အလိုက် သင့်လျော်သည့် အစာကို လုံလောက်စွာကျွေးမွေးရမည်။ ကျွေးမွေးသည့်အစာသည် နို့အရည်အသွေးကို ထိခိုက်မှုမဖြစ်စေရ။

### ၂.၂ အစာကြမ်း/စားကျက်

၂.၂.၁ စားကျက်မြက်၊ ရောစပ်စာ၊ မြက်ချဉ်ဖတ်တို့တွင် အသုံးပြုသော ဓာတုဆေးများသည် နွားများ၏ကျန်းမာရေးကို ဆိုးကျိုးသက်ရောက်စေခြင်း၊ နို့ကို ညစ်ညမ်းစေခြင်း မရှိစေရ။

၂.၂.၂ ရောစပ်စာပြုလုပ်ခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းတို့တွင် ရောစပ်သည့် အစားများကို ရေ၊ လေ၊ မြေကြီးတို့ဖြင့် ထိစပ်မှု မဖြစ်စေရ။

၂.၂.၃ စားကျက်မြက်ခင်းတွင်အသုံးပြုသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတို့သည် နွားများ၏ကျန်းမာရေးကို ဆိုးကျိုးမဖြစ်စေရ၊ ပတ်ဝန်းကျင်သို့လည်း ညစ်ညမ်းမှုအဖြစ်စေရ။

၂.၂.၄ စားကျက်မြက်ခင်းတွင် သဘာဝမြေဩဇာအသုံးပြုခြင်းကြောင့် ကပ်ပါးကောင်များ၊ အခြားရောဂါပိုးမွှားများ ပေါက်ပွားမှုနည်းပါးစေရန် စီမံရမည်။

၂.၂.၅ အရည်အသွေးကောင်းမွန်သည့် စားကျက်မြက်များ အစဉ်ရရှိနေစေရမည်။

### ၂.၃ အစာနု

၂.၃.၁ အစာနုတွင် ခွင့်ပြုထားသည့် ဓာတုပစ္စည်းများသာ ပါဝင်စေရမည်။

၂.၃.၂ ကိုယ်တိုင်ရောစပ်ကျွေးမွေးသည့် အစာနုသည် အရည်အသွေးကောင်းမွန်ရမည်။ နို့စားနွားများအတွက် အန္တရာယ်ကင်းသော အစာဖြစ်ရမည်။

### ၂.၄ အစာကျွေးမွေးခြင်း

၂.၄.၁ နို့စားနွားများအား အတန်းအစားအလိုက် သင့်လျော်သည့် အစာကို အချိန်မှန်ကျွေးမွေးရမည်။

၂.၄.၂ အစာပြောင်းလဲကျွေးမွေးမည်ဆိုပါက ရုတ်တရက်မပြောင်းဘဲ တဖြည်းဖြည်းပြောင်းလဲကျွေးမွေးရမည်။

၂.၄.၃ အစာများကို သန့်ရှင်းခြောက်သွေ့စွာ သိုလှောင်ထားရှိရမည်။ အခြားသတ္တဝါများ ဝင်ရောက်စားသောက်ခြင်း မရှိစေရ။

၂.၄.၄ အစာအမျိုးအစားအလိုက် ခွဲခြားသိုလှောင်ထားရှိမည်။

၂.၄.၅ မှိုတက်နေသောအစာများကို ကျွေးမွေးခြင်းမပြုရ။

၂.၄.၆ နို့တိုက်သတ္တဝါများ၏ အသားနှင့်အရိုးများရောစပ် ကျွေးမွေးခြင်းမပြုရ။

## ၃။ ရေထောက်ပံ့မှု

၃.၁ နို့စားနွားများအတွက် သောက်ရေသည် သန့်ရှင်းရမည်။ နို့အရည်အသွေးကို ထိခိုက်စေနိုင်သော ရုပ်ဝတ္ထုပစ္စည်း၊ ဇီဝပစ္စည်း၊ ဓာတုပစ္စည်းများ ပါဝင်မှုမရှိစေရ။

၃.၂ နို့စားနွားမွေးမြူရေးခြံတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနေစေရမည်။ ရေသန့်ရှင်းမှု ရှိ/မရှိ ပုံမှန်စစ်ဆေးရမည်။

၃.၃ သောက်သုံးရေခွက်များ လုံလောက်စွာ ပါရှိရမည်။ အစဉ်သန့်ရှင်းနေစေရမည်။

## ၄။ ခြံစီမံခန့်ခွဲမှု

### ၄.၁ မွေးမြူရေးခြံလက်စွဲစာအုပ်

၄.၁.၁ နို့စားနွားမွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု အားလုံးအတွက် လက်စွဲစာအုပ်ရေးဆွဲထားရှိရမည်။

၄.၁.၂ နို့စားနွားရောင်းချခြင်းနှင့်စပ်လျဉ်း၍ မျိုးရိုးဗီဇ အထောက်အထားနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း လက်မှတ်ပူးတွဲပါရှိရမည်။

### ၄.၂ လူပုဂ္ဂိုလ်

၄.၂.၁ ခြံတွင်းမွေးမြူထားသည့် နွားကောင်ရေနှင့် လုပ်ငန်းအမျိုးအစားအလိုက် လုံလောက်သောဝန်ထမ်းဦးရေခန့်ထားရမည်။

၄.၂.၂ မွေးမြူရေးခြံလုပ်သားများကို နို့စားနွားများ၏ ပုံမှန်အမူအကျင့်ကိုသိရှိ နိုင်စေရန်နှင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ချေရှိသည်တို့မှ ကာကွယ်လုပ်ကိုင်တတ်စေရန် ကောင်းစွာလေ့ကျင့်သင်ကြားပေးထားရမည်။

၄.၂.၃ မွေးမြူရေးခြံလုပ်သားများကို ပုံမှန်ကျန်းမာရေးစစ်ဆေးပေးရမည်။ တီဘီရောဂါဖြစ်ပွားမှုမရှိစေရ။

၄.၂.၄ မွေးမြူရေးခြံလုပ်သားများသည် တစ်ကိုယ်ရေ တစ်ကာယ သန့်ရှင်းမှုအလေ့အကျင့်ကောင်းများကို လိုက်နာလုပ်ဆောင်ရမည်။

### ၄.၃ သန့်ရှင်းရေးနှင့်ထိန်းသိမ်းစောင့်ရှောက်မှု

၄.၃.၁ မွေးမြူရေးခြံအဆောက်အဦကို သန့်ရှင်းပြီး ကောင်းမွန်သော အခြေအနေတွင် အမြဲရှိနေစေရန် သန့်ရှင်းရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရမည်။

၄.၃.၂ နို့ညှစ်ရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာများကို ပုံမှန်သန့်ရှင်းပေးရမည်။ အထူးသဖြင့် နို့ညှစ်ပြီးတိုင်း ပိုးသတ်ဆေးဖြင့်ဆေးကြောရမည်။

### ၄.၄ ပိုးမွှားတိရစ္ဆာန်ထိန်းသိမ်းမှု

၄.၄.၁ မွေးမြူရေးခြံအတွင်း ပိုးမွှားတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် သင့်တော်သည့်ကာကွယ်ထိန်းချုပ်မှုအစီအမံများရှိရမည်။

## ၅။ နို့စားနွားကျန်းမာရေး

### ၅.၁ ရောဂါကာကွယ်ထိန်းချုပ်မှု

၅.၁.၁ မွေးမြူရေးခြံတွင် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်မှု အစီအမံများရှိရမည်။ အထူးသဖြင့် နို့စားနွားမွေးမြူရေးတွင် အရေးပါသော ဘရူဆဲလားသားလျှောရောဂါ၊ တီဘီရောဂါ၊ လက်တိုစပိုင်းရားရောဂါ ကင်းရှင်းရမည်။

၅.၁.၂ ဇီဝလုံခြုံမှုအစီအမံများဖြစ်သည့် ခြံအဝင်ဂိတ်တွင် ဆေးဖျန်းသည့် စနစ်ထားရှိခြင်း၊ ယာဉ်အဝင်အထွက်၊ လူအဝင်အထွက် မှတ်တမ်းများထားရှိခြင်း ရှိရမည်။

၅.၁.၃ "တာဝန်ရှိသူမှအပ ဖြတ်သန်းသွားလာခြင်း မပြုရ" ကဲ့သို့ သင့်လျော်သည့် သတိပေးဆိုင်းဘုတ်ထားရှိရမည်။

၅.၁.၄ အသုံးပြုသည့် ကာကွယ်ဆေးများနှင့် ကာကယ်ဆေးထိုး အစီအစဉ်သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ရမည်။

၅.၁.၅ နို့စားနွားများ၏ရင်းမြစ်ကို သိရှိထားရမည်။ အသစ်ရောက်ရှိလာသောနို့စားနွားများတွင် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်လက်မှတ် ပါရှိရမည်ဖြစ်ပြီး ယာယီခွဲခြားထားရမည်။

၅.၁.၆ မွေးမြူရေးခြံတွင် ကူးစက်ရောဂါသံသယဖြစ်ဖွယ် ကျရောက်လာပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ရမည်။

၅.၁.၇ ကျန်းမာရေးမကောင်းသောနွားများ ဆေးကုသခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်ရ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဦး၏ ကြီးကြပ်မှုအောက်မှသာ ဆောင်ရွက်ရမည်။

## ၆။ နို့စားနွားများဘဝ သာယာဝပြောရေး

၆.၁ နို့စားနွားများကို သက်တောင့်သက်သာရှိပြီး ထိခိုက်အနာတရမဖြစ်စေနိုင်သောပတ်ဝန်းကျင်တွင် ထားရှိမွေးမြူရမည်။

၆.၂ ရေငတ်ခြင်း၊ အစာငတ်ခြင်းနှင့် အာဟာရချို့တဲ့ခြင်းတို့ မရှိစေရ။

၆.၃ နို့စားနွားများ၏ကျန်းမာရေးကို ပုံမှန်စစ်ဆေးခြင်းရှိရမည်။ နေမကောင်း ခြင်း၊ ဒဏ်ရာရရှိခြင်းတို့ရှိလျှင် ဆေးကုသမှုပေးရမည်။

၆.၄ သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသော တိရစ္ဆာန်များဘဝ သာယာဝပြောရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

## ၇။ အညစ်အကြေးစီမံခန့်ခွဲမှု

၇.၁ နို့စားနွားမွေးမြူရေးခြံသည့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းစေသည့် ခြံစီမံခန့်ခွဲမှု၊ အညစ်ကြေးစီမံခန့်ခွဲမှုရှိရမည်။

၇.၂ အစိုင်အခဲအညစ်ကြေး၊ အရည်အညစ်ကြေးများကို မွေးမြူရေးခြံ အဆောက်အဦမှ နေ့စဉ်ရှင်းလင်း၍ သင့်လျော်သည့်နည်းတို့ဖြင့် ပြုပြင်စွန့်ပစ်ရမည်။

၇.၃ နွားအသေများ၊ နွားကလေး၏စွန့်ပစ်ပစ္စည်းများ၊ နာမကျန်းနွားများကို ဆေးကုသရာမှ အသုံးပြုထားသောပစ္စည်းများကို သက်ဆိုင်ရာဌာန၏ ဥပဒေနှင့်အညီ စွန့်ပစ်ရမည်။

## ၈။ နို့ထုတ်လုပ်ခြင်း

### ၈.၁ နို့ညှစ်သူ/နို့ညှစ်သမား

၈.၁.၁ နို့ညှစ်သူသည် ကျန်းမာရေးကောင်းမွန်ရမည်။ ကူးစက်တတ်သောရောဂါရှိမနေရ။ နှစ်စဉ်ကျန်းမာရေးစစ်ဆေးထားရှိရမည်။

၈.၁.၂ နို့ညှစ်သူသည် တကိုယ်ရေတစ်ကာယ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို လိုက်ပါလုပ်ဆောင်ရမည်။ (အကာအကွယ်အသုံးအဆောင်များ ဝတ်ဆင်လုပ်ကိုင်ခြင်း၊ လက်မှတတောင်ဆစ်ထိ ဆေးကြောသန့်ရှင်းခြောက်သွေ့စေပြီးမှ နို့ညှစ်ခြင်း၊ လက်နှင့်လက်သည်းများကို အစဉ်သန့်ရှင်းအောင် ထိန်းသိမ်းထားခြင်း)

၈.၁.၃ နို့ညှစ်နေစဉ် ဆေးလိပ်သောက်ခြင်း၊ တံတွေးထွေးခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ တစ်ခုခုဝါးစားနေခြင်း မပြုရ။

## ၈.၂ နို့ညှစ်ခြင်း

၈.၂.၁ နို့ညှစ်ရာတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျထားရှိအသုံးပြုရမည်။

၈.၂.၂ ကျန်းမာရေးကောင်းမွန်သော နွားမကိုသာ နို့ညှစ်ရမည်။ နို့မညှစ်မီ နို့သီးများကိုသန့်ရှင်းခြောက်သွေ့စေပြီးမှသာ နို့ညှစ်ရမည်။

၈.၂.၃ နို့ညှစ်ရာတွင် နွားမကို ကိုယ်/စိတ်ဖိစီးမှုဖြစ်စေခြင်း၊ နာကျင်စေခြင်း၊ ဒဏ်ရာရရှိစေခြင်းမဖြစ်ရန် မှန်ကန်သောနို့ညှစ်နည်းဖြင့် ညှစ်ယူရမည်။

၈.၂.၄ ပဋိဇီဝဆေး အသုံးပြုထားသောနွားမ၊ နို့အုံရောင်ရောဂါဖြစ်နေသော နွားမမှ နို့ညှစ်ယူခြင်းမပြုရ။

၈.၂.၅ နို့မညှစ်မီ နို့အုံ၊ နို့သီးတိုင်များ၊ နို့ညှစ်ရာတွင် အသုံးပြုသည့် အသုံးအဆောင်များကို သန့်ရှင်းရေးပြုလုပ်ရမည်။

၈.၂.၆ နို့မညှစ်မီ နို့အုံရောင်ရောဂါ ရှိ/မရှိ စစ်ဆေးမှုပြုရမည်။

၈.၂.၇ နို့ညှစ်သည့်ဧရိယာကို သန့်ရှင်းနေစေရမည်။

၈.၂.၈ နို့ညှစ်နေစဉ် နို့အတွင်းသို့ ပတ်ဝန်းကျင်မှ အမှိုက်များ မဝင်ရောက်စေရ။

၈.၂.၉ နို့ညှစ်ပြီးတိုင်း အသုံးအဆောင်ပစ္စည်းများကို ဆေးကြောပြီး ပိုးသန့်စင်ထားရှိရမည်။

၈.၂.၁၀ နို့ညှစ်ပြီးပြီးချင်း နို့ကောက်စခန်းသို့ သင့်တော်သည့်ယာဉ်ဖြင့် ပို့ဆောင်ရမည်။

၈.၂.၁၁ နို့ညှစ်ရာတွင် လက်ဖြင့်ညှစ်သည်ဖြစ်စေ၊ စက်ဖြင့်ညှစ်သည် အရည်အသွေးကောင်းနို့ထုတ်လုပ်ရရှိရေးအတွက် ကောင်းမွန်သော နို့ညှစ်နည်းစနစ်များကို လိုက်နာလုပ်ဆောင်ရမည်။

နို့ညှစ်အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းနေစေရမည်။ အနံ့ဆိုးများမရှိစေရ။ သန့်ရှင်းခြောက်သွေ့သည့်နေရာတွင်ထားရှိရမည်။

၈.၂.၁၂ နွားမတစ်ကောင်ချင်းစီမှ နေ့စဉ်ထွက်ရှိသည့် နို့ပမာဏကို မှတ်တမ်းရေးသွင်းထားရှိရမည်။

### ၈.၃ နို့ကုန်ကြမ်းအရည်အသွေး

၈.၃.၁ နို့ကုန်ကြမ်းအရည်အသွေးသည် ဦးစီးဌာနမှ သတ်မှတ်ချက်အတိုင်းဖြစ်ရမည်။

၈.၃.၂ မကျန်းမာသောနွားမမှရရှိသည့် နို့ကုန်ကြမ်းကို လူတို့စားသုံးရန် အသုံးမပြုရ။

## ၉။ နို့စားနွားသယ်ဆောင်ခြင်း

၉.၁ အသစ်ရောက်ရှိလာသောနွားကို သီးသန့်ခွဲခြားထားပြီး ကျန်းမာရေးကောင်း/မကောင်းစောင့်ကြည့်ရမည်။ ဦးစီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း ကာကွယ်ဆေးထိုးရမည်။

၉.၂ နွားရောင်းချရာတွင် မျိုးရိုးဆိုင်ရာ အချက်အလက်များနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာပါရှိရမည်။

၉.၃ နွားသယ်ယူရာတွင် ကိုယ်/စိတ်ဖိစီးမှု၊ ဒဏ်ရာရရှိမှုတို့ မဖြစ်စေရန် သင့်လျော်သည့်မော်တော်ယာဉ်ကို အသုံးပြုသယ်ဆောင်ရမည်။

## ၁၀။ မှတ်တမ်း

နို့စားနွားမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းအားလုံး (ခြံစီမံခန့်ခွဲမှု၊ သားတင်သားစပ်ခြင်း၊ အစာကျွေးခြင်း၊ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ရောဂါကာကွယ်ထိန်း

ချုပ်ခြင်း၊ လုပ်သားများ သင်တန်းတက်ရောက်ထားရှိမှု၊ လုပ်သားများကျန်းမာရေး၊ ခြံအညစ်အကြေးစီမံခန့်ခွဲမှု) မှတ်တမ်းများထားရှိရမည်။

၁၀.၁ နို့စားနွားမွေးမြူကောင်ရေ၊ ထီး/မ၊ မျိုးရိုး၊ မွေးရက်၊ ကိုယ်ပိုင်နံပါတ်၊ အသက်အရွယ်အလိုက် ကိုယ်အလေးချိန်၊ သားတင်သားစပ်မှတ်တမ်းများကို နွားအသက်ရှိစဉ်တလျှောက် ထိန်းသိမ်းထားရှိရမည်။

၁၀.၂ နို့စားနွားများ အစာစားနှုန်း၊ ရေသောက်နှုန်း၊ ကျန်းမာရေးအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ နေ့စဉ်နို့ရရှိမှုတို့ကို နွားတစ်ကောင်ချင်းစီအလိုက်ပြုစု၍ မိမိခြံတွင် မွေးမြူထားရှိသည့် ကာလတစ်လျှောက်လုံး ထိန်းသိမ်းထားရှိရမည်။

၁၀.၃ ခြံသို့ လူအဝင်အထွက်၊ ယာဉ်အဝင်အထွက် မှတ်တမ်းကိုလည်း ထိန်းသိမ်းထားရှိရမည်။

# ဆိတ်မွေးမြူရေးခြံများအတွက်
# ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်

## ၁။ မွေးမြူရေးခြံ

### ၁.၁ တည်နေရာ

၁.၁.၁ မွေးမြူရေးခြံမြေနေရာသည် တရားဝင်ခွင့်ပြုထားသည့် မြေဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတော်မှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ် ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရမည်။

၁.၁.၂ လျှပ်စစ်မီး၊ ရေ လုံလုံလောက်လောက်ရရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောနေရာ ဖြစ်ရမည်။

၁.၁.၃ ရေလွှမ်းမိုးမှုမရှိသောနေရာဖြစ်ရမည်။

၁.၁.၄ မွေးမြူထုတ်လုပ်မှုအတွက် အဓိက အထောက်အပံ့များဖြစ်သော ရေ အရင်းအမြစ်၊ စားကျက်ရေိယာတို့နှင့်နီးသောနေရာဖြစ်ရမည်။

၁.၁.၅ လူနေအိမ်၊ သားသတ်ရုံ၊ တိရစ္ဆာန်အရှင် ဈေးကွက်တို့နှင့် ဝေးကွာသည့် နေရာ ဖြစ်ရမည်။

၁.၁.၆ ရုပ်ဝတ္ထုပစ္စည်း၊ ဓာတုပစ္စည်း၊ အဏုဇီဝပစ္စည်း ဘေးအန္တရာယ်တို့မှကင်းဝေးပြီး လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုမထိခိုက်စေနိုင်သော မြေနေရာဖြစ်ရမည်။

## ၂။ မွေးမြူရေးခြံအဆောက်အဦနှင့် ခြံအထောက်အပံ့ပစ္စည်းများ

### ၂.၁ မွေးမြူရေးခြံအဆောက်အဦ

၂.၁.၁ သက်ဆိုင်ရာဌာန/လုပ်ငန်းမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း ပြုလုပ်ရမည်။

၂.၁.၂ မွေးမြူထုတ်လုပ်မည့် ကောင်ရေ၊ အမျိုးအစား၊ အသက် အရွယ်အလိုက် သင့်လျော်သည့်ပုံစံ တည်ဆောက်ရမည်။ လေဝင်လေထွက် ကောင်းမွန်ရမည်။ သန့်ရှင်းရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရမည်။

၂.၁.၃ အရှေ့အနောက်လားရာအတိုင်း တည်ဆောက်ရမည်ဖြစ်ပြီး ခြံအဆောက်အဦ တစ်ခုနှင့်တစ်ခုအကြား (၅၀)ပေ အကွာအဝေးရှိရမည်။

၂.၁.၄ တိရစ္ဆာန်ကို ဒဏ်ရာမရရှိစေရန်နှင့် တိရစ္ဆာန် သက်သာချောင်ချိရေးကို ထိခိုက်ခြင်းမဖြစ်စေရန် တည်ဆောက်ရမည်။ ခြံတွင်းစီမံခန့်ခွဲမှု ကောင်းစွာပြုလုပ်နိုင်ရမည်။ ဇီဝလုံခြုံမှု ကောင်းမွန်ရမည်။

၂.၁.၅ မွေးမြူရေးခြံအဆောက်အဦတွင် ကောင်းမွန်သော ရေဆိုးစွန့်ပစ်စနစ် ပါရှိရမည်။

၂.၁.၆ မွေးမြူရေးခြံအဆောက်အဦသည် တိရစ္ဆာန်၏ အသက်အရွယ်၊ ခန္ဓာကိုယ်အရွယ်အစားပေါ်မူတည်၍ လုံလောက်သော အခင်းအကျယ်အဝန်း ရှိရမည်။

၂.၁.၇ အစာခွက်၊ ရေခွက်များကို တိရစ္ဆာန်များလွတ်လပ်စွာ စားသောက်နိုင်ရန် လုံလောက်စွာ ထားရှိရမည်။

၂.၁.၈ တိရစ္ဆာန်လှောင်ခြံနှင့် လျှောက်လမ်းများသည် တိရစ္ဆာန်လွတ်ထွက် မှုမရှိစေရန်နှင့် တိရစ္ဆာန်နှင့်အလုပ်သမားများကို အန္တရာယ်မဖြစ်စေ နိုင်ရန် တည်ဆောက်ထားရမည်။

၂.၁.၉ လိုအပ်ပါက စစ်ဆေးခြင်းပြုလုပ်နိုင်ရန် အလင်းရောင် လုံလုံလောက်လောက် ရရှိရမည်။

၂.၁.၁၀ လျှပ်စစ်ပစ္စည်းကရိယာများ၊ ဝါယာကြိုးများကို အန္တရာယ်ကင်းသော နေရာတွင် တပ်ဆင်အသုံးပြုရမည်။

၂.၁.၁၁ ကြမ်းခင်း၊ လျှောက်လမ်းများနှင့် တိရစ္ဆာန်အဆင်းအတက်နေရာများသည် လုံလောက်သော အကာတန်းများ ပါရှိရမည်။ ဆိတ်များ လမ်းလျှောက်ရာတွင် အန္တရာယ်ဖြစ်စေသော၊ ပုံသဏ္ဌာန်မမှန် လမ်းလျှောက်မှု ဖြစ်စေသော ပစ္စည်းများ တပ်ဆင်အသုံးမပြုရ။

၂.၁.၁၂ မွေးမြူရေးခြံရှိ တိရစ္ဆာန်များအတွက် လိုအပ်သော စစ်ဆေးကုသမှုများဆောင်ရွက်ရန်နှင့် တိရစ္ဆာန်ထိန်းချုပ်ရန်နေရာ တည်ဆောက်ပါရှိရမည်။

၂.၁.၁၃ ဆိတ်ခြံပတ်ဝန်းကျင်အား အချိန်မှန် သန့်ရှင်းရေးပြုလုပ်ပေးရမည်။

## ၂.၂ ခြံအထောက်အပံ့ပစ္စည်းများ

**ခြံဝန်းနှင့် ခြံစည်းရိုး**

၂.၂.၁ မွေးမြူရေးခြံဝန်းသည် တိရစ္ဆာန်များအတွက် လုံလောက်သော အကျယ်အဝန်း ရှိရမည်။ လိုအပ်ပါက ခွဲခြားထားနိုင်ရန် သီးသန့်ဆောင်များ ဖွဲ့စည်းပါရှိရမည်။

၂.၂.၂ ခြံစည်းရိုးနှင့် အဝင်အထွက်ဂိတ်များသည် ပြင်ပတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်၊ အတွင်းမှဆိတ်များ အပြင်မထွက်နိုင်စေရန် ကာကွယ် ပေးသည့်ပုံစံ ဖြစ်ရမည်။

၂.၂.၃ လျှပ်စစ်ခြံစည်းရိုးကို တပ်ဆင်အသုံးပြုပါက ထုတ်လုပ်သည့်ကုမ္ပဏီ၏ ညွှန်ကြားချက်အတိုင်း လိုက်နာတပ်ဆင်ရမည်။

**စားကျက်ဧရိယာ**

၂.၂.၄ စားကျက်တွင် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူပါက ဆိတ်အား လုံးအတွက် လုံလောက်သောစားကျက်ဧရိယာ ရှိရမည်။

**အစာသိုလှောင်ရုံ**

၂.၂.၅ မွေးမြူရေးခြံတွင် အစာကြိတ်စက်၊ အစာနှင့်သိုလှောင်ရုံ သီးသန့် ပါရှိရမည်။

၂.၂.၆ အစာသိုလှောင်ရုံတွင် အစာများကို သန့်ရှင်းစွာ သိုလှောင်ထား နိုင်ရမည်။

၂.၂.၇ အစာသိုလှောင်ရုံသည် လေဝင်လေထွက်ကောင်းမွန်ရမည်။ အစာများ စိုထိုင်းမှုမဖြစ်စေရန်နှင့် ပိုးမွှားတိရစ္ဆာန်များ မဝင် ရောက်စေရန် ကာကွယ်နိုင်မှုရှိရမည်။

၂.၂.၈ အစာသိုလှောင်ရုံမှ အစာများကို အရင်ရောက် အရင်ထုတ် ကျွေးစနစ် ကျင့်သုံးရမည်။

## ၃။ မွေးမြူရေးခြံစီမံခန့်ခွဲမှု

### ၃.၁ မွေးမြူရေးခြံပိုင်ရှင်၊ ခြံတာဝန်ခံသည်-

၃.၁.၁ မွေးမြူရေးခြံအလုပ်သမားများအား တိရစ္ဆာန်များ ကိုင်တွယ် ထိန်းချုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်း ကိရိယာများ ကိုင် တွယ်အသုံးပြုခြင်း စသည့် ခြံတွင်းလုပ်ကိုင်ဆောင်ရွက်မှု အလေ့အကျင့်ကောင်းများအား ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင် ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေး ထားရမည်။

၃.၁.၂ မွေးမြူရေးခြံရှိတိရစ္ဆာန်များ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူဖြစ်ပြီး၊ လိုအပ်သည်များ ဖြည့်ဆည်းထောက်ပံ့ ပေးထားရမည်။

၃.၁.၃ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် လိုအပ်သည်များ ထောက်ပံ့ပေးထားရမည်။

၃.၁.၄ မွေးမြူရေးခြံသို့ လာရောက်မည့် ဧည့်သည်များအတွက် လိုအပ်သည့် အဝတ်အထည် အကာအကွယ်ပစ္စည်းများ ထားရှိပေးရမည်။

၃.၁.၅ မွေးမြူရေးခြံတွင်းနေထိုင်သည့် အလုပ်သမားအတွက် အလုပ်သမားအဆောင် သီးခြားတည်ဆောက်ထားရှိပေးရမည်။

၃.၁.၆ အလုပ်သမားများကို နှစ်စဉ်ကျန်းမာရေးစစ်ဆေးပေးရမည်။ အလုပ်သမားများ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ပေးရမည်။ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ ရရှိလျှင် လုပ်ဆောင်ရမည့်ညွှန်ကြားချက်များ ချမှတ်ပေးထားရမည်။

## ၃.၂ မွေးမြူရေးခြံလုပ်သားသည်-

၃.၂.၁ တိရစ္ဆာန်အား နှိပ်စက်ညှင်းပန်းခြင်း မပြုလုပ်ရ။

၃.၂.၂ တိရစ္ဆာန်မကျန်းမာလျှင် ကိုယ်တိုင်ဆေးကုသခြင်း မပြုလုပ်ရ။ တိရစ္ဆာန် ဆေးကုဆရာဝန်နှင့် ပြသဆောင်ရွက်ရမည်။

၃.၂.၃ တိရစ္ဆာန်အမျိုးအစား၊ အသက်အရွယ်၊ အထီးအမသဘာဝနှင့် ထုတ်လုပ်မှုအလိုက် သတ်မှတ်ထားသော အစာကျွေးနည်းနှင့် အညီ ကျွေးမွေးရမည်။

၃.၂.၄ တိရစ္ဆာန်ကို ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်းတို့တွင် တိရစ္ဆာန် ကို နာကျင်ခံစားမှု မဖြစ်စေရ။

၃.၂.၅ သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ရမည်။

## ၃.၃ သားတင်သားစပ်ခြင်း၊ နို့ထုတ်လုပ်ခြင်းနှင့် သားခွဲခြင်း

၃.၃.၁ ပုံသဏ္ဍာန်မမှန်သော မျိုးရိုးဗီဇဆက်ခံမှုမဖြစ်ပေါ်စေရန် ခန္ဓာကိုယ် အလေးချိန်ပြည့်မီစွာဖြင့် အရွယ်ရောက်ပြီးသော ကျန်းမာရေးကောင်းမွန်သည့် ဆိတ်မများကိုသာ သားတင် သားစပ်ခြင်း ပြုလုပ်ရမည်။

၃.၃.၂ သဘာဝသားစပ်ခြင်းတွင် အထီးနှင့်အမအချိုး မျှတရမည်။

၃.၃.၃ မေထုန်မဲ့သားစပ်ခြင်းကို လေ့ကျင့်သင်ကြားပေးထားသော သားစပ်သူ အကူအညီဖြင့်သာ ဆောင်ရွက်ရမည်။

၃.၃.၄ ဆိတ်တစ်ကောင်ချင်းစီအတွက် သားတင်သားစပ်နှင့် သားကျ မှတ်တမ်း များပြုစုထားရှိပြီး စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း နှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ရမည်။

၃.၃.၅ သတ်မှတ်ထားသော အသက်အရွယ်နှင့် ခန္ဓာကိုယ်အလေး ချိန် ရောက်မှသာ သားခွဲခြင်း ပြုလုပ်ရမည်။

၃.၃.၆ သားခွဲဆိတ်ငယ်လေးများအတွက် နေရာထိုင်ခင်း၊ အစာခွက်၊ ရေခွက်တို့ဖြင့် သင့်လျော်သော အစာနှင့်ရေ ထောက်ပံ့ပေး ထားရမည်။

## ၃.၄ တိရစ္ဆာန်အရင်းအမြစ်မှတ်တမ်းပြုစုခြင်း

၃.၄.၁ တိရစ္ဆာန်အရင်းအမြစ်မှတ်တမ်းပြုစုခြင်းကို နားကဒ် တပ် ဆင်ခြင်းဖြင့်လည်းကောင်း၊ နားရွက်တွင် အမှတ်အသားပြု လုပ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အချက်အလက်များ တင်ပြ၍ မှတ်ပုံတင်ထားရှိရမည်။

၃.၄.၂ ပြည်ပမှတင်သွင်းလာသော တိရစ္ဆာန်ဖြစ်ပါက တိရစ္ဆာန်နှင့် သက်ဆိုင် သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်။

၃.၄.၃ မွေးမြူရေးခြံတွင်း တိရစ္ဆာန်အဝင်အထွက် မှတ်တမ်းများနှင့်အတူ တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်းနှင့် စပ်လျဉ်း၍လည်း ဦးစီးဌာနမှ ချမှတ်ပေးထားသော မှတ်တမ်းများ ပြုစုထားရှိရမည်။

## ၃.၅ အစာကျွေးမွေးမှု

၃.၅.၁ တိရစ္ဆာန်၏အသက်ရှင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ထုတ်လုပ်မှုပေးနိုင်ရေးအတွက်လည်းကောင်း လုံလောက်သော အစာအာဟာရ ထောက်ပံ့ပေးရမည်။

၃.၅.၂ သန့်ရှင်းပြီး ဘေးအန္တရာယ်မရှိသော သောက်သုံးရေကို လုံလောက်စွာ ထောက်ပံ့ပေးရမည်။

၃.၅.၃ မွေးမြူထားသည့် အသက်အရွယ်နှင့် ခန္ဓာကိုယ်အလေးချိန် အလိုက် လတ်ဆတ်ကောင်းမွန်သော အစာနု၊ အစာကြမ်း၊ ရောစပ်စာများ ကျွေးမွေးရမည်။

၃.၅.၄ ကိုယ်ပိုင်ရောစပ်စာကျွေးမွေးမည်ဆိုပါက သက်ဆိုင်ရာဌာနမှ စစ်ဆေးခွင့်ပြုထားသော အစာများကိုသာဝယ်ယူ၍ ရောစပ် အသုံးပြုရမည်။

၃.၅.၅ သက်ဆိုင်ရာဌာနမှ တားမြစ်ထားသော ဓာတုပစ္စည်းများ၊ အားဖြည့် ဆေးဝါးများ ရောစပ်ကျွေးမွေးခြင်းမပြုရ။

၃.၅.၆ အစာရောစပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကရိယာများကို သန့်ရှင်းစွာ ထားရှိရမည်။

၃.၅.၇ ရောစပ်စာဝယ်ယူကျွေးမွေးပါက အစာအမျိုးအစား၊ အစာ အရည်အသွေး၊ ရောစပ်စာတွင်ပါဝင်ပစ္စည်းများ၊ ဝယ်ယူရရှိသည့်ကုမ္ပဏီ၊ ဝယ်ယူသည့် ပမာဏ၊ ဝယ်ယူရရှိသည့်ရက်စွဲ၊

ထုတ်လုပ်သည့် ရက်စွဲ၊ ထုတ်လုပ်သည့် အပါတ်စဉ် ပါရှိရမည်ဖြစ်ပြီး ၎င်းတို့အား ထိန်းသိမ်းထားရှိရမည်။

၃.၅.၈ အစာကျွေးချိန်ဇယားရေးဆွဲ၍ နေ့စဉ် အချိန်မှန် အစာကျွေးမွေးရမည်ဖြစ်ပြီး အစာကျွေးမွေးမှုမှတ်တမ်း ပြုစုထားရှိရမည်။

## ၃.၆ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှု

၃.၆.၁ တိရစ္ဆာန်ကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားပါက ဆေးကုသပေးခြင်းစသည့် တိရစ္ဆာန်ကျန်းမာရေးစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကိုလိုက်နာ၍ တိရစ္ဆာန်များကို အစဉ်ကျန်းမာနေစေရန် စောင့်ရှောက်ရမည်။

၃.၆.၂ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသည် လိုင်စင်ရ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုအောက်တွင် ရှိရမည်။

၃.၆.၃ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးများ၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ ညွှန်ကြားမှုဖြင့်သာ အသုံးပြုရမည်။

၃.၆.၄ ဦးစီးဌာနမှ တားမြစ်ထားသော ဆေးဝါးများနှင့် ကာကွယ်ဆေးများကို အသုံးမပြုရ။

၃.၆.၅ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ ကာကွယ်ဆေးများကို သတ်မှတ် ထားသည့်အတိုင်း စနစ်တကျ သိုလှောင်၊ သုံးစွဲ၊ စွန့်ပစ်ရမည်။

၃.၆.၆ ကာကွယ်ကုသဆေးဝယ်ယူမှုနှင့် အသုံးပြုမှုမှတ်တမ်းများ၊ ဆေးကုသမှု မှတ်တမ်းများ ပြုစုထားရှိရမည်။

၃.၆.၇ မွေးမြူရေးခြံစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုမှတ်တမ်းများ ပြည့်စုံစွာပြုစု၍ ထိန်းသိမ်းထားရှိရမည်။

# ၄။ တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်း

## ၄.၁ တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း

၄.၁.၁ တိရစ္ဆာန်ကိုကြောက်ရွံ့စေခြင်း၊ စိတ်ဖိစီးစေခြင်း၊ နာကျင်စေခြင်း၊ ဒဏ်ရာရစေခြင်းမရှိစေရန် ကိုင်တွယ်ထိန်းချုပ်ခြင်းတို့အတွက် မှန်ကန်သောနည်းစနစ်နှင့် သင့်လျော်ကောင်းမွန်သည့် ကိရိယာတန်ဆာပလာများကို အသုံးပြုရမည်။ ဒဏ်ရာရရှိမှုမဖြစ်စေရ။

၄.၁.၂ တိရစ္ဆာန်ကိုင်တွယ်ထိန်းချုပ်ရာတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများကို နည်းလမ်းတကျဖြင့် ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုတတ်ရမည်။

၄.၁.၃ ကိရိယာတန်ဆာပလာများကိုအသုံးပြု၍ တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ရာတွင် တိရစ္ဆာန်အား စိတ်ဖိစီးမှု နည်းနိုင်သမျှ နည်းစေရ မည်။

၄.၁.၄ နာမကျန်းဖြစ်နေသောတိရစ္ဆာန်များ၊ ဒဏ်ရာ ရရှိနေသောတိရစ္ဆာန်များ၊ မသန်မစွမ်းတိရစ္ဆာန်များကို သီးသန့်ခွဲခြားထားရမည်။ လိုအပ်သော ဆေးဝါးကုသမှုပေးရမည်။

## ၄.၂ တိရစ္ဆာန်များအားသယ်ဆောင်ခြင်း

၄.၂.၁ တိရစ္ဆာန်သယ်ဆောင်ရာတွင် ဒဏ်ရာရှိမှု မဖြစ်စေရန်နှင့် စိတ်ဖိစီးမှု ကင်းဝေးစေရန် ဆောင်ရွက်ရမည်။

၄.၂.၂ တိရစ္ဆာန်အမျိုးအစား၊ အသက်၊ အရွယ်အစားအလိုက် ခွဲခြားသယ်ဆောင်ရမည်။

၄.၂.၃ သယ်ယူပို့ဆောင်သည့်ယာဉ်သည် နှစ်ထပ်ပါယာဉ်ဖြစ်ပါက အောက်ထပ် ရှိ တိရစ္ဆာန်များကို အညစ်အကြေးမပေစေရန် ကာကွယ်မှုရှိရမည်။

၄.၂.၄ လေဝင်လေထွက် ကောင်းမွန်ရမည်။

၄.၂.၅ တိရစ္ဆာန်များကိုမသယ်မီ ယာဉ်အားသန်းရှင်းရေး ဆောင်ရွက်ထားရမည်။

၄.၂.၆ တိရစ္ဆာန်များကို သယ်ဆောင်ရာတွင် အပူဒဏ်မှ ကင်းလွတ်အောင် အေးသောအချိန်တွင် သယ်ဆောင်ရမည်။ လိုအပ်သော အမိုးအကာများ၊ အသုံးအဆောင်ပစ္စည်းများ ပါရှိရမည်။

၄.၂.၇ တိရစ္ဆာန်နှင့်ပတ်သက်သည့်မှတ်တမ်းများနှင့် မူရင်းဒေသ ဖော်ပြချက်တို့ကို တစ်ပါတည်း သယ်ဆောင်လာရမည်။

၄.၂.၈ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်၊ ဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်ရယူ၍ သယ်ဆောင်မည့် ခရီးစဉ်တလျှောက် ကိုင်ဆောင်ပါရှိရမည်။

## ၅။ ဇီဝလုံခြုံမှု

၅.၁ မွေးမြူရေးခြံသည် ဇီဝလုံခြုံမှု အစီအမံများ၊ အရေးပေါ် စီမံခန့်ခွဲမှု အစီအမံများ ချမှတ်ထားရှိရမည်။

၅.၂ ခြံအတွင်းသို့ ရောဂါဝင်ရောက်ခြင်းနှင့် ရောဂါကူးစက်ပျံ့နှံ့ခြင်း မဖြစ်စေရန် ဇီဝလုံခြုံမှုလုပ်ငန်းစဉ်များ လုပ်ဆောင်၍ စဉ်ဆက်မပြတ်စောင့်ကြည့်မှုများ ဆောင်ရွက်နေရမည်။

၅.၃ ဇီဝလုံခြုံမှုဆောင်ရွက်ရာတွင် ဦးစီးဌာနမှ သတ်မှတ်ထားသည့် စာရင်းဝင်ကူးစက်ရောဂါများကို အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

၅.၄ မွေးမြူရေးခြံသည် ဇီဝလုံခြုံမှုအတွက် စနစ်ကျသည့် ခြံအနေအထားဖြစ်ရမည်။ အဝင်အထွက်ဂိတ်များတွင် ပိုးသတ်ကန်ပါရှိရမည်။

၅.၅ မွေးမြူရေးခြံအတွင်း လေလွင့်တိရစ္ဆာန်များ ဝင်ရောက်နိုင်ခြင်း မရှိစေရ။

၅.၆ ပြည်ပမှ တင်သွင်းလာသော တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများအတွက် လိုအပ်သောအထောက်အထား၊ ထောက်ခံချက်လက်မှတ်များ ရယူဆောင်ရွက် ရမည်။

## ၆။ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု

၆.၁ မွေးမြူရေးခြံဝင်းသည် သန့်ရှင်းနေရမည်။ ပိုးမွှားတိရစ္ဆာန်များ၊ ကပ်ပါးကောင်များ ပေါက်ပွားရာ၊ ရောဂါကူးစက်ပျံ့ပွားရာ နေရာမဖြစ်စေရ။

၆.၂ တိရစ္ဆာန်ကို ထိတွေ့ညစ်ပေစေနိုင်သော ပစ္စည်းများကို ပုံမှန်သန့်ရှင်းပေးရမည်။ အခင်းများကို ပုံမှန်အသစ်လဲပေးရမည်။

၆.၃ မွေးမြူရေးခြံရှိ အညစ်အကြေးစွန့်ပစ်ခြင်းအတွက် သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆.၄ မွေးမြူရေးခြံသည် မကျန်းမာသောတိရစ္ဆာန်များ၊ ဒဏ်ရာရသောတိရစ္ဆာန်များ၊ သေဆုံးသော တိရစ္ဆာန်များအတွက် စနစ်တကျကိုင်တွယ်ခြင်းနှင့် ဖျက်ဆီးခြင်းစနစ် ပါရှိရမည်။ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆.၅ ခြံအညစ်အကြေး၊ ခြံသုံးဓာတုဗေဒပစ္စည်း အညစ်အကြေး စွန့်ပစ်မှုအပေါ် တိကျရှင်းလင်းသည့် လုပ်ငန်းစဉ်ချမှတ်၍ လိုက်နာဆောင်ရွက်ရမည်။

၆.၆ ခြံအညစ်ကြေးများမှ ထွက်ရှိလာသည့် အနံ့ဆိုးများ နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

## ၇။ မှတ်တမ်းများထိန်းသိမ်းခြင်း

အောက်ဖော်ပြပါမှတ်တမ်းများ ထားရှိရမည်-

၇.၁ မွေးမြူရေးခြံတွင်း တိရစ္ဆာန်အဝင်၊ အထွက် မှတ်တမ်းများနှင့် အတူ တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်းနှင့် စပ်လျဉ်း၍လည်း ဦးစီးဌာနမှ ချမှတ်ပေးထားသော မှတ်တမ်းများ၊

၇.၂ တိရစ္ဆာန်များအား အစာကျွေးမွေးမှုမှတ်တမ်း၊

၇.၃ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းများ၊

၇.၄ မွေးမြူရေးခြံစီမံခန့်ခွဲမှုနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှု မှတ်တမ်းများ၊

၇.၅ ပြည်ပမှတင်သွင်းလာသော တိရစ္ဆာန်ဖြစ်ပါက တိရစ္ဆာန်နှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊

၇.၆ ကာကွယ်ဆေး၊ ကုသဆေးများဝယ်ယူမှုတွင် ဝယ်ယူသည့်ရက်စွဲ၊ ဝယ်ယူသည့်အမျိုးအစား၊ ပမာဏ၊ ထုတ်လုပ်သည့် အပါတ်စဉ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်/ရောင်းချသည့်ကုမ္ပဏီ စသည့် ဆေးမှတ်တမ်းများ၊

၇.၇ ဆေးအမျိုးအစား၊ ဆေးကုသည့်ပမာဏ၊ ဆေးကုသသည့် ရက်စွဲ၊ ဆေးပေးသည့်လမ်းကြောင်း၊ ဆေးကုသမှုပြီးဆုံးသည့်

ရက်စွဲ၊ ဈေးကွက်မပို့မီ ဆေးဖြတ်သည့်ရက်စွဲ၊ ဆေးကုသပေး သူအမည် စသည့် ဆေးကုသမှု မှတ်တမ်းများ။

## ၈။ အထွေထွေ

၈.၁ မှတ်တမ်းများကို အနည်းဆုံး(၅)နှစ် ထိန်းသိမ်းထားရမည်။

၈.၂ ဦးစီးဌာနမှ အခါအားလျော်စွာ စစ်ဆေးမှုကိုခံယူရမည်။

၈.၃ ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရမည်။